ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရုံးခွန်တံဆိပ်ခေါင်း
၁၀၀ကျပ် K 100

# ရှမ်းပြည်နယ်တရားလွှတ်တော်

## ၂၀၁၇ ခုနှစ် ၊ တရားမပထမအယူခံမှုအမှတ် - ၆၃

(၂၀၁၅)ခုနှစ်၊ တရားမကြီးမှုအမှတ်-၆၆ တွင် တောင်ကြီးခရိုင်တရားရုံးက ချမှတ်ခဲ့သည့် (၂၀၁၇)ခုနှစ်၊ ဇွန်လ(၂၈)ရက်နေ့စွဲပါ စီရင်ချက်နှင့်အယူခံဒီကရီအပေါ် တရားမပထမအယူခံမှု တင်သွင်းခြင်း။

ဦးသက်နိုင်ထွန်း(ခ)နိုင်ထွန်း — အယူခံတရားလို

နှင့်

ဦးညီညီထွေး — အယူခံတရားပြိုင်

အယူခံတရားလိုအတွက် - ဦးခင်မောင်ယဉ်
တရားလွှတ်တော်ရှေ့နေ

အယူခံတရားပြိုင်အတွက် - ဒေါ်ပြည့်ပြည့်အောင်
တရားလွှတ်တော်ရှေ့နေ

## စီ ရင် ချက်

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ (၂၄)ရက်

ဦးညီညီထွေးမှတရားလိုပြုလုပ်၍ မူလရုံးတရားပြိုင်များဖြစ်ကြသည့် ဦးသက်နိုင်ထွန်းနှင့် ဒေါ်အတာတို့အပေါ် ငွေ(၂၃၂၉၂၁၅၄)ကျပ် ရလိုမှုစွဲဆိုခဲ့သည်။

ယင်းအမှုကို တောင်ကြီးခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်-၆၆/၂၀၁၅ အနေဖြင့်လက်ခံစစ်ဆေးခဲ့ပြီး၊ ၂၈. ၆. ၂၀၁၇ ရက်နေ့တွင် မူလရုံးတရားလို ဦးညီညီထွေးသည် မူလရုံး(၁)တရားပြိုင် ဦးသက်နိုင်ထွန်းထံမှ တောင်းဆိုသည့်သက်သာခွင့်များကို ရထိုက်သည်ဟု ၂၈. ၆. ၂၀၁၇ ရက်နေ့တွင် စီရင်ချက်ဒီကရီချမှတ်ခဲ့သည်။

တောင်ကြီးခရိုင်တရားရုံးမှ ချမှတ်ခဲ့သည့် စီရင်ချက်နှင့်ဒီကရီအပေါ် မူလရုံး(၁)တရားပြိုင် ဦးသက်နိုင်ထွန်းမှ ကျေနပ်မှုမရှိသောကြောင့် ဤပြည်နယ်တရားလွှတ်တော်သို့ တရားမပထမအယူခံမှု တင်သွင်းလာခြင်းဖြစ်သည်။

သို့ဖြစ်၍ မူလတောင်ကြီးခရိုင်တရားရုံးမှ ချမှတ်ခဲ့သည့် စီရင်ချက်နှင့်ဒီကရီသည် ဥပဒေကြောင်းအရဖြစ်စေ၊ အကြောင်းခြင်းရာများအရဖြစ်စေ မှန်ကန်မှုတခြင်းရှိမရှိကို သုံးသပ်ရန်ဖြစ်သည်။

စစ်ဆေးပြီး မှန်ကန်ကြောင်းတာဝန်ယူသည်။
တာဝန်ခံမိတ္တူ။

အခွင့်ရအရာရှိ

အမှုတွဲနှင့်တိုက်ဆိုင်ရေးကူးပါသည်။

မူလရုံးတရားလို ဦးညီညီထွေးနှင့် မူလရုံး(၁)တရားပြိုင် ဦးသက်နိုင်ထွန်းတို့သည် ၃၀. ၄. ၂၀၁၂ ရက်နေ့တွင် နှစ်ဦးသဘောတူ ဝန်ခံကတိပြုစာချုပ်(သက်သေခံ-ဂ)ကို ချုပ်ဆိုခဲ့ကြသည်။

မူလရုံး(၁)တရားပြိုင်သည် ဦးညီညီထွေးထံသို့ ၂၉. ၁၀. ၂၀၁၃ ရက်နေ့တွင် ငွေသား ကျပ်(၅)သိန်းကိုလည်းကောင်း၊ ၁၇. ၅. ၂၀၁၄ ရက်နေ့တွင် တန်ဖိုးငွေကျပ်(၆၀၂၀၀၀)တန်ဖိုးရှိသည့် ကြံကုန်ထွက်ပစ္စည်းများကိုလည်းကောင်း၊ ပေးအပ်ခဲ့ပြီးဖြစ်သည်။

အထက်ပါအချက်များမှာ နှစ်ဘက်အဆိုအချေများအရ အငြင်းပွားဖွယ်ရာမရှိချေ။

မူလရုံးအမှုတွဲကို လေ့လာစိစစ်ရာ၌ ဦးညီညီထွေးထံသို့ ဝန်ခံကတိပြုသူအနေဖြင့် ဦးသက်နိုင်ထွန်းမှ လက်မှတ်ရေးထိုးလျက် ၅. ၆. ၂၀၀၈ ရက်စွဲပါ နှစ်ဦးသဘောတူ ကတိဝန်ခံချက် (သက်သေခံ-က)ကိုလည်းကောင်း၊ ၂၂. ၁၂. ၂၀၁၀ ရက်စွဲပါ နှစ်ဦးသဘောတူ ကတိဝန်ခံချက်(သက်သေခံ-ခ)ကိုလည်းကောင်း၊ ငွေပေးရန်အတွက် ပဋိညာဉ်များပြုလုပ်ခဲ့သည်။

ဦးညီညီထွေးနှင့် ဦးသက်နိုင်ထွန်းတို့သည် ၃၀. ၄. ၂၀၁၄ ရက်နေ့တွင် ဝန်ခံကတိပြုစာချုပ် (သက်သေခံ-ဂ)ကို ထပ်မံချုပ်ဆိုခဲ့ကြသည်ဟုဆိုသဖြင့် ယခင်က ၎င်းတို့ကြားတွင် ချုပ်ဆိုခဲ့ကြသော နှစ်ဦးသဘောတူ ကတိဝန်ခံချက်များ(သက်သေခံ-က နှင့် ခ)တို့သည် ပဋိညာဉ်အက်ဥပဒေပုဒ်မ-၆၂ အရ ချုပ်ငြိမ်းသွားပြီဟု ကောက်ယူသုံးသပ်နိုင်သည်။

၃၀. ၄. ၂၀၁၂ ရက်စွဲပါ ဝန်ခံကတိပြုစာချုပ်(သက်သေခံ-ဂ)တွင် ဦးသက်နိုင်ထွန်းသည် ဦးညီညီထွေးထံသို့ ငွေကျပ်(၂၄၃၉၄၁၅၄)ကျပ်ကို ပြန်လည်ပေးဆပ်ရန် ကတိပြုပါသည်ဟု ဖော်ပြထားသည်။ သို့ရာတွင် ဦးသက်နိုင်ထွန်းမှမူ ၎င်းသည် ဦးညီညီထွေးထံသို့ ငွေကျပ်(၆၆၄၀၉၀၈)ကျပ်ကိုသာ ပေးဆပ်ရန် ရှိပါသည်ဟု မူလရုံး၌ အထူးတလည် ချေပထွက်ဆိုသွားခဲ့သည်။

ဝန်ခံကတိပြုစာချုပ်(သက်သေခံ-ဂ)ပါ အသိသက်သေများဖြစ်ကြသည့် ဦးစိုးသိန်း(လိုပြ-၂) နှင့် ဦးကျော်ကျော်ဦး(လိုပြ-၅)တို့မှမူ ဦးသက်နိုင်ထွန်းမှ ဦးညီညီထွေးထံသို့ ပေးဆပ်ရန်ရှိသည့် ငွေများ အတွက် စာချုပ်(သက်သေခံ-ဂ)ကိုချုပ်ဆိုရာတွင် ကာယကံရှင်နှစ်ဦး၏ သဘောတူညီချက်များအရ ချုပ်ဆို လက်မှတ်ရေးထိုးခဲ့ကြပါသည်ဟု မူလရုံး၌ ထွက်ဆိုကြသည်။

ကတိစာချုပ်(သက်သေခံ-ဂ)ပါ ဦးသက်နိုင်ထွန်းမှ ဦးညီညီထွေးထံသို့ ပေးဆပ်ရမည့်ငွေ (၂၄၃၉၄၁၅၄)ကျပ်နှင့် ဦးသက်နိုင်ထွန်းမှ ၂၉. ၁၀. ၂၀၁၃ ရက်နေ့တွင် ပေးဆပ်ငွေ(၅)သိန်းကျပ်+ ၁၇. ၅. ၂၀၁၄ ရက်နေ့တွင် ငွေ(၆၀၂၀၀၀)ကျပ်နှင့်ညီမျှသော ကြံထွက်ပစ္စည်းများ၏တန်ဖိုးငွေ စုစုပေါင်း (၁၁၀၂၀၀၀)ကျပ်ကို ခြားနားပါက ဦးသက်နိုင်ထွန်းသည် ဦးညီညီထွေးထံသို့ ငွေကျပ်(၂၃၂၉၂၁၅၄)ကျပ် ကို ပေးဆပ်ရန်ရှိသည်မှာ ပေါ်ပေါက်သည်။

မူလရုံး(၁)တရားပြိုင် ဦးသက်နိုင်ထွန်းမှပင် မူလရုံး၌ ၎င်းကိုယ်တိုင်လက်မှတ်ရေးထိုးထား သော လယ်ဂျာစာရွက်များ(သက်သေခံ-၁ မှ ၅-က)ကိုတင်ပြခဲ့ပြီး ၎င်း၏မျက်ကွယ်တွင် မူလရုံးတရားလို ၏တစ်ဦးတည်းသော သဘောဆန္ဒဖြင့် အတိုးငွေများကို ထည့်သွင်းထားခြင်းဖြစ်ပါသည်ဟု မူလရုံး၌ ချေပခဲ့သည်။

မူလရုံးတရားလို ဦးညီညီထွေးမှ တင်ပြခဲ့သော လယ်ဂျာစာအုပ်(သက်သေခံ-ဃ)တွင် ဦးသက်နိုင်ထွန်း ယူငွေစုစုပေါင်းမှာ (၂၄၉၈၈၁၅၄)ကျပ်၊ တိုးငွေစုစုပေါင်းမှာ (၁၁၀၂၀၀၀)ကျပ်ဟုဖော်ပြ

စစ်ဆေးပြီး မှန်ကန်ကြောင်းတာဝန်ယူသည်။
တာဝန်ခံမိတ္တူ

အခွင့်ရအရာရှိ

အမှုတွဲနှင့်တိုက်ဆိုင်ရေးကူးပါသည်။

ထားရာ မူလရုံးတရားလိုဘက်မှတင်ပြသည့် လယ်ဂျာစာအုပ်(သက်သေခံ-ဃ)ပါ ငွေအရေအတွက်နှင့် မူလရုံး(၁)တရားပြိုင် ဦးသက်နိုင်ထွန်းမှ တင်ပြခဲ့သည့် လယ်ဂျာစာရွက်များ(သက်သေခံ-၁ မှ ၅-က)ပါ ငွေအရေအတွက်များမှာ ကွဲပြားခြားနားလျက်ရှိသည်။

သို့ရာတွင် ဦးသက်နိုင်ထွန်းမှတင်ပြခဲ့သည့် လယ်ဂျာစာရွက်များ(သက်သေခံ-၁ မှ ၅-က) မှာမူ ဦးသက်နိုင်ထွန်း၏ လက်ဝယ်တွင်ရှိနေသည်ဟုဆိုသဖြင့် ယင်းလယ်ဂျာစာရွက်များပါ ကိန်းဂဏန်းများကိုမူ အတည်ပြုသုံးသပ်နိုင်ရန်မှာ ခဲယဉ်းလျက်ရှိသည်။ အထက်ပါ လယ်ဂျာစာရွက်များ(သက်သေခံ-၁ မှ ၅-က)ပေါ်တွင် မူလရုံးတရားလို ဦးညီညီထွေးဘက်မှလည်း ဟုတ်မှန်ပါသည်ဟု အတည်ပြုလက်မှတ်ရေးထိုးထားခြင်းမရှိချေ။

မူလရုံး(၁)တရားပြိုင် ဦးသက်နိုင်ထွန်းသည် ၎င်းမှ ဦးညီညီထွေးထံသို့ ပေးဆပ်ရန် အမှန်ငွေမှာ (၆၆၄၀၉၀၈)သာဖြစ်ကြောင်း၊ ကျန်တောင်းဆိုသည့်ငွေများမှာ အတိုးငွေများသာဖြစ်ကြောင်း စသည်ဖြင့် အပြည့်အဝ သက်သေပြရန်တာဝန်သည် သက်သေခံအက်ဥပဒေပုဒ်မ-၁၀၂ နှင့် ဥပမာ(ခ)တို့အရ ၎င်း ဦးသက်နိုင်ထွန်းအပေါ် ကျရောက်သည်။

သက်သေခံအက်ဥပဒေပုဒ်မ-၁၀၂ နှင့် ယင်းဥပမာ(ခ)၌ အောက်ပါအတိုင်းဖော်ပြထားသည် -

> “ တရားမမှုတစ်မှုသို့မဟုတ် အမှုအခင်းတစ်ခုတွင် အမှုသည်နှစ်ဦးနှစ်ဘက်အနက် မည်သည့်ဘက်ကမှ သက်သေထင်ရှားတင်ပြနိုင်ခြင်းမရှိပါက သက်သေထင်ရှားပြရမည့်တာဝန်သည့် တရားရှုံးမည့် အမှုသည်အပေါ်ကျရောက်သည်။
>
> <u>ဥပမာ(ခ)</u>
>
> ခံဝန်ချုပ်ပါငွေကို ရလိုကြောင်းနှင့် (အေ)က(ဘီ)ကိုတရားစွဲဆိုသည်။
> ခံဝန်ချုပ်ချုပ်ဆိုကြောင်း (ဘီ)ကဝန်ခံသော်လည်း (အေ)ကလိမ်လည်သဖြင့် ချုပ်ဆိုခဲ့ရပါသည်ဟု (ဘီ)ကပြောသည်။ (အေ)ကလည်း စာချုပ်ချုပ်ရန် လိမ်လည်ခဲ့ခြင်းမရှိပါဟု ငြင်းဆိုသည်။
> မည်သည့်ဘက်ကမှ သက်သေထင်ရှားမတင်ပြနိုင်လျှင် ခံဝန်ချုပ်ချုပ်ဆိုကြောင်း အငြင်းပွားခြင်းမရှိသည့်အပြင် လိမ်လည်ကြောင်း သက်သေထင်ရှားမရှိသဖြင့် (အေ)ကအမှုတွင် အနိုင်ရပေလိမ့်မည်။
> သို့ဖြစ်၍ သက်သေထင်ရှားတင်ပြရန်တာဝန်သည် (ဘီ)အပေါ်ကျရောက်သည်။ ”

အထက်ပါအကြောင်းများကြောင့် ဦးညီညီထွေးသည် ဦးသက်နိုင်ထွန်း(ခ)နိုင်ထွန်းထံမှ ကုန်ကြွေးကျန်ငွေ(၂၃၂၉၂၁၅၄)ကျပ်ကို ရထိုက်ပါသည်ဟု မူလတောင်ကြီးခရိုင်တရားရုံးမှ ချမှတ်ခဲ့သည့် စီရင်ချက်နှင့်ဒီကရီသည် ဥပဒေကြောင်းအရဖြစ်စေ၊ အကြောင်းခြင်းရာများအရဖြစ်စေ မှားယွင်းသည်ဟု မဆိုနိုင်ပါ။

ထို့ကြောင့် မူလတောင်ကြီးခရိုင်တရားရုံး၏ ၂၈. ၆. ၂၀၁၇ ရက်စွဲပါ စီရင်ချက်နှင့်ဒီကရီ

စစ်ဆေးပြီး မှန်ကန်ကြောင်းတာဝန်ယူသည်။
တာဝန်ခံမိတ္တူ။

အခွင့်ရအရာရှိ

အမှုတွဲနှင့်တိုက်ဆိုင်ရေးကူးပါသည်။

ကိုအတည်ပြုလျက် တင်သွင်းသည့် တရားမပထမအယူခံမှုကို စရိတ်နှင့်တကွပလပ်လိုက်သည်။
နှစ်ဘက်ရှေ့နေစရိတ်ကို ၃၀၀၀ဝိ/- စီသတ်မှတ်သည်။

ပုံ/ x x x

( ခင်မောင်ဌေး )
ပြည်နယ်တရားလွှတ်တော်တရားသူကြီး

စစ်ဆေးပြီး မှန်ကန်ကြောင်းတာဝန်ယူသည်။
တာဝန်ခံမိတ္တူ

အခွင့်ရအရာရှိ

အမှုတွဲနှင့်တိုက်ဆိုင်ရေးကူးပါသည်။